# အုတ်ပုံကျေးရွာ
# ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
# (၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အုတ်ပုံကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊မတ်လ

မာတိကာ ၂
စကားချီး ၇-၈
အုတ်ပုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဟသာၤတမြို့နယ် ၉
အုတ်ပုံကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ဟသာၤတမြို့နယ် ၁၀
အုတ်ပုံကျေးရွာအဖွဲ့အစည်းပြပုံ၊ဟသာၤတမြို့နယ် ၁၁
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၁၂
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် ၁၂-၁၃
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု ၁၃
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၄
(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား ၁၄
( ခ) သဘာဝအရင်းအမြစ်များ ၁၄-၁၅
(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၅
(က) လူဦးရေဆိုင်ရာအချက်အလက်များ ၁၅
( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု ၁၅
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှုများ ၁၆
(ဃ) ကျန်းမာရေးနှင့်အာဟာရ ၁၆
( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၆
( စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၇
(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၇
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် ၁၇
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ ၁၈
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၈

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၈

(င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု ၁၉

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၉

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု- လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၂၀

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး ၂၀

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၂၀

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၂၀-၂၂

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ၊ ၂၂-၂၃

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၃

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ ၂၅-၂၇

(၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၇

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၇

( ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း ၂၇

(ဂ) ဦးစားပေးစီမံချက်များ ၂၈

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၃၂

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၃၂

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၃၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၃၄

( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ၃၄
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ ၃၄-၃၅
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် ၃၅
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအမံများ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၅
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၆
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၆
(ဂ) နည်းပညာဆိုင်ရာအကူအညီ ၃၇
နောက်ဆက်တွဲ(၁) ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၃၈
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၄၁
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၄၂
ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၄၂
ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား ၄၃
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၄၈
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု ၄၉
ဇယား ၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၄၉-၅၀
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၅၁
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ ၅၂
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ ၅၃
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး ၅၃-၅၅
အစီအမံများ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ၅၅-၅၇
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ ၅၇-၅၈

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ ၅၈-၅၉
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု ၅၉-၆၀
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ ၆၀-၆၁
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း ၆၁-၆၂
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု ၆၂-၆၃
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ ၆၃-၆၄
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြသာနာနှင့်အခက်အခဲများ ၆၄-၆၅
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၆၅-၆၆
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ ၆၆-၆၈
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ ၆၈-၆၉
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ ၇၀-၇၁
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ ၇၁-၇၂
နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ ၇၂-၇၃
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း ၇၃
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ ၇၃
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ ၇၄
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း ၇၅-၇၆
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် ၇၇
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း ၇၇-၇၈
ဇယား ၃၁ ကျောင်းတတ်နှုန်း ၇၈
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ ၇၉

| | | |
|---|---|---|
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၇၉-၈၀ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၈၀-၈၁ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၈၁ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၈၁-၈၂ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၈၃-၈၄ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၈၄ |
| ဇယား ၃၉ | ကျား/မရေးရာ | ၈၄-၈၅ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၆ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၇ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၈၈ |
| ဇယား၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၈၈-၈၉ |
| ဇယား၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၈၉ |
| ဇယား၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၉၀ |
| ဇယား၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၉၀ |
| ဇယား၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၉၁ |
| ဇယား၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၉၁-၉၂ |
| ကိုးကားစာရင်း | | ၉၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့အုတ်ပုံကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန် ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူး ပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်း လမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ် ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက် တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဖြေရှင်းချယ်မှုများနှင့် လုပ်ငန်းအစီအစဉ် များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊

ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

မတ်လ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုတ်ပုံကျေးရွာ

ဟသ်ာတမြို့နယ်

# ကညင်ငူကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာ သယံဇာတပြမြေပုံ




f

# အုတ်ပုံကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ခါတ်မြေဩဇာ | ဆေးဖျန်း | ခါတ်မြေဩဇာ | ရိတ်သိမ်း | ရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | ပိုးသတ်ဆေးဖျန်း | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | အလွန်များ | များ | များ | များ | အလွန်များ | အလွန်များ | အလွန်များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | များ | များ | များ | များ | များ | များ | များ |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | များ | နည်း | များ | များ | များ | များ | နည်း | နည်း | နည်း | နည်း | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | သက်ကြီးပူဇော်ပွဲ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | တရားစခန်းပွဲ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဟာသီ်ာတမြို့နယ်၊ ကညင်ငူကျေးရွာအုပ်စု၊ အုတ်ပုံကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ဒုတိယအကြိမ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး တစ်ကြိမ်ရှိခဲ့ပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည် ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍ အဖွဲ့များအတွက် အသုံး ဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေ ခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက်ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ဒီဂရီ၁၅မိနစ်နှင့် ၁၇ဒီဂရီ ၅၀မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ၁၀မိနစ်နှင့် ၉၅ဒီဂရီ၃၅မိနစ်ကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅)စတုရန်းမိုင်ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ်၊ အနောက်ဘက်တွင် လေးမျက်နှာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည်မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့်မိုးရွာသွန်းမှုများသောဒေသဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန်(၄၂.၈ °C)ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ °C)ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မ ဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

အုတ်ပုံကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ကညင်ငူကျေးရွာအုပ်စု တွင်ပါဝင်ပါသည်။ အုတ်ပုံကျေးရွာသည် လေးမျက်နှာ-ဟသ်ာတ-ပုသိမ် ကားလမ်းမှ (၆)ဖာလုံခန့်တွင် တည်ရှိပြီး တလုတ္တော်မြို့နှင့် (၉၇)မိုင်ခန့် ဟသ်ာတမြို့နယ်နှင့်(၁၈)မိုင်ခန့်ကွာဝေးပြီး ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်သောကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင်ကြပါသည်။ အုတ်ပုံကျေးရွာသည် လယ်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ ကျေးရွာသည် ပင်လယ်ကမ်းခြေနှင့်ဝေးသောကြောင့် ဆားငံရည် ဝင်ရောက်မှုမရှိပါ။ ကျေးရွာ၏ အနေအထားမှာ ရွာတန်းရှည်အနေအထားဖြစ်ပြီး တောတောင်များမရှိခြင်း၊ မြေပြန့်ဒေသအမျိုးအစားဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီတွင်သာစိုက်ပျိုးပြီး နွေစပါး စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်းတို့အား အစားထိုးစိုက်ပျိုးကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

အုတ်ပုံကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး တောတောင်များမရှိခြင်းကြောင့် သဘာဝသယံဇာတပစ္စည်းများနှင့် တိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိရခြင်းမရှိပါ။ မြေဆီလွှာအနေအထားမှာ အသင့်အတင့်

ကောင်းမွန်ပြီး ထွန်ယက်စိုက်ပျိုးနိုင်သော မြေအမျိုးအစားဖြစ်ပါသည်။ ဆည်မြောင်းတာတမံများ မရှိခြင်းကြောင့် ရေသွင် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ မြေအောက်ရေကိုသာ အဓိကထားသုံးစွဲရပါသည်။ ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ လယ်မြေများအသင့်အတင့်ရှိကာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာ မိုးရေကိုအဓိကအားထား၍ စပါးစိုက်ပျိုးကြပြီး ဆောင်းသီးနှံအဖြစ် မတ်ပဲကို စိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်း၊ စိုက်ပျိုးကြပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အုတ်ပုံကျေးရွာတွင် အိမ်ထောင်စု(၂၉၈)စုရှိပြီး လူဦးရေစုစုပေါင်း(၁၂၄၄)ဦးရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်လျှင်(၄)ဦးနှုန်းခန့်ရှိသောကြောင့်ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် လျော့နည်းနေပါသည်။အသက်(၁၅နှစ်မှ၆၄နှစ်)အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၆၇.၁၄%)ရှိပြီး အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေ၏ (၁.၁%)ပိုများသဖြင့်အမျိုးသမီးများလုပ်ကိုင်နိုင်သည့်အလုပ်များကိုထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များဖန်တီးပေးနိုင်ပါလူ့စွမ်းအားအရင်းအမြစ်များအား ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး မတ်ပဲ၊ပဲတီစိမ်းအား ဆောင်းသီးနှံအဖြစ် အစားထိုးစိုက်ပျိုးကြပါသည်။နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းအား အဓိကထား လုပ်ကိုင်နေရသော်လည်း အခက်အခဲနှင့် စိန်ခေါ်မှုများစွာရှိနေပါသည်။ အချိန်အခါမဟုတ် သီးနှံဖျက်ပိုးများ ကျရောက်မှုကြောင့် ရင်းနှီးရမှုစရိတ်ကြီးမားခြင်း၊ နည်းပညာလက်လှမ်းမမီနိုင်မှု အခက်အခဲရှိခြင်းတို့ကြောင့် ရွာသူ၊ရွာသားများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေရသော်လည်း ဝင်ငွေပိုင်ဆိုင်မှုအနေအထားမှာ အလွန်နည်းပါးကြပါသည်။ စီးပွားအဆင့်နှင့်ဆင်းရဲချမ်းသာကွာဟမှုမှာ ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၆၀.၈၆%)မှာ အလွန်ဆင်းရဲကြပြီး ဆင်းရဲသောအိမ်ထောင်စုမှာ (၁၁.၅၁%)အဆင်ပြေသောအိမ်ထောင်စုမှာ(၁၃.၁၆%)တို့ဖြစ်ကြပါသည်။

လယ်ယာမြေပိုင်ဆိုင်မှုမှာ အသင့်အတင့်ရှိပြီး လယ်ယာသုံးစက်ကရိယာပစ္စည်းများပိုင်ဆိုင်မှုမှာ အနည်းငယ်သာရှိကြပါသည်။ အများစုမှာ ပြင်ပမှငွေချေးရမ်းထွန်ယက်ကြရခြင်း ငွေချေးရမ်းစရိတ်ကြီးမြင့်မှုတို့ကြောင့် ကျေးရွာ၏စီးပွားတိုးတက်မှုအနေအထားမှာ ထင်သလောက် အကျိုးဖြစ်ထွန်းမှုမရှိပေ။ ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာ အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများလည်း ရှိပါသည်။ မြေယာမဲ့ အိမ် ထောင်စုမှာ(၁၅၈)အိမ်ထောင်စုရှိပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

အုတ်ပုံကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ ၃ပုံ၂ပုံခန့်ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင်အဓိကပါဝင်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်းများ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများစသည်တို့တွင် လည်းလုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော (၆၄)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၅၈%)မှာ ချေးငွေရယူခြင်း (၄၂%)မှာ လုပ်အားခ ကြိုယူ၍ ဖြေရှင်းနေကြကြောင်း တွေ့ရှိရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲသား တောင်သူများအဖို့ ထိခိုက်နစ်နာမှုများရှိပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ကျေးရွာတွင်နေထိုင်သော (၇၀%)ခန့်မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ရွာရှိ အထက်တန်းကျောင်းခွဲတွင်လည်း ပြင်ပအလှူရှင်များမှ အာဟာရတိုက်ကျွေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ကျန်းမာရေးဌာနမှပြုလုပ်ပေးသော ကျောင်းကျန်းမာရေးနှင့် ကလေးငယ်များ၏တစ်ကိုယ်ရည်သန့်ရှင်း ရေးဝန်ဆောင်မှုများလည်း ရရှိကြပါသည်။ ရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ(၆)မိုင်ခန့်အကွာရှိ တလုတ္တော်ဆေးရုံနှင့် လေးမျက်နှာမြို့နယ်ရှိ မြို့နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး(၁၈)မိုင်ခန့်ဝေးပြီး ကားဆိုင်ကယ်တို့ဖြင့် အလွယ်တကူသွားလာနိုင်သော ဟင်္သာတမြို့ နယ်ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီပါသည်။ ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်၊ မော်တာတုံကင်များမှ မြေအောက်ရေကို အလွယ်တကူလုံလောက်စွာ ရရှိနိုင်ကြပြီး ဝမ်းပျက် ၊ဝမ်းလျှော၊ တိုက်ဖိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ ရံဖန်ရံခါရှိကြောင်း တွေ့ရှိ ရပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

အုတ်ပုံကျေးရွာ၏ ပညာရေးမှာ မြို့ပေါ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ်နိမ့်နေကြောင်း၊ ရွာသူရွာသားအများစုသည် သာမာန်အားဖြင့် အရေးအဖတ်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်တက်ရောက်ဆဲနှင့် ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပါသည်။ အခြေခံပညာရေးကို ရွာရှိ အထက်တန်းကျောင်းခွဲတွင် တက်ရောက်ပညာသင်ကြားနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းတို့တွင် အလွန်နိမ့်ကျနေပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်း များလည်း နည်းပါးနေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမရေးရာကိစ္စနှင့်ပတ်သက်၍ အချိုးညီမျှမှုရှိပါသည်။ ကျားမရေးရာ တာဝန်ယူမှုအပိုင်းတွင်လည်း နိုင်ငံတော်အပိုင်းမှ ချမှတ်ထားသည့် စံနှုန်းများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိပါသည်။ ကျေးရွာတွင် ကျားမအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံမှုများ မရှိပါ။ ကျေးရွာတွင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင်လည်းကောင်း၊ ကျေးရွာပြင်ပ အဖွဲ့အစည်းများတွင်လည်း အများအားဖြင့်အမျိုးသားများနှင့် တန်းတူအခွင့်အရေးရကြပါသည်။ ပညာရေးနယ်ပယ်တွင်လည်း ကျေးရွာမှကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက်များအား ကြည့်ခြင်းအားဖြင့် အတန်းပညာသင်ယူမှုမှာလည်း အမျိုးသားများနည်းတူ အမျိုးသမီးများလည်း ပညာသင်ယူနိုင်ကြပြီး ခွဲခြားနှိမ့်ချ ဆက်ဆံခြင်းမျိုးမရှိပါ။ ကျေးရွာ၏ သာရေးနာရေး ကိစ္စများတွင်လည်း အမျိုးသားများနည်းတူ ပါဝင်ကြရပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၈၀၀၀) ကျပ်မှ (၇၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၆၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်ခန့် ရရှိကြပါသည်။ သို့သော် အမျိုးသမီးများ၏ တစ်နေ့လုပ်အားခမှာ အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အနည်းငယ်အားနည်းဆဲ ဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျွန်ုပ်တို့ကျေးရွာတွင်ကျေးရွာအခြေပြု အဖွဲ့(၅)ဖွဲ့ မြို့နယ်မှဖွဲ့စည်းထားသော ငွေကြေးဝန်ဆောင်မှုအဖွဲ့(၂)ဖွဲ့တို့ရှိကြပါသည်။ ယင်းကျေးရွာအခြေပြု အဖွဲ့(၅)ဖွဲ့မှာ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့်ကာကွယ်ရေး၊ပညာရေးအဖွဲ့တို့ဖြစ်ပါသည်။ ငွေကြေးဝန်ဆောင်မှုအဖွဲ့မှာ မဟာသြဘာ၊ စိုက်သမနှင့် မွေးသမတို့ဖြစ်ပါသည်။ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်သော မြတ်ပါရမီ ကျန်းမာရေး ကူညီမှုအသင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ဓမ္မစကူးသင်တန်းလုံခြုံရေးနှင့် ပတ်သက်၍ အုပ်ချုပ်ရေးနှင့် အရန်မီးသတ်အဖွဲ့၊ ငွေကြေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ရွာတွင်စာကြည့်တိုက်ကို ထူထောင်ထားပြီး မြို့နှင့်အလှမ်းကွာဝေးခြင်းမရှိသောကြောင့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်စာစောင်များအား အလွယ်တကူဖတ်ရှုနိုင်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏လယ်သမားများ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးနှင့်ပဲတို့ဖြစ်ပြီး စပါးကို မိုးရာသီတွင် စိုက်ပျိုးကြပြီး၊ပဲအမျိုးမျိုးကို ဆောင်းရာသီတွင်စိုက်ပျိုးကြပါသည်။ လယ်ယာမြေဧက(၉၇၁)ဧက၊ဥယျာဉ် ခြံမြေဧက(၁၇၇)ဧကရှိပါသည်။ မိုးစပါးတစ်ဧကပျမ်းမျှ(၈၀)တင်း ပဲမျိုးစုံ တစ်ဧက (၁၀)တင်းနှုန်း ထွက်ရှိပါ သည်။အုတ်ပုံကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေး အနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲတို့ကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ ငါးကန်(၂)ကန်သာရှိပြီး ငါးသားပေါက်များကို ငါးလုပ်ငန်းဦးစီးဌာနတွင်ဝယ်ယူရရှိနိုင်သော်လည်း စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းနှင့်ပတ်သက်၍ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းမှပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသော အပ်ချုပ်ဆိုင်(၅)ဆိုင်ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများမှာ ဆိုင်ကယ် ကယ်ရီပို့ဆောင်ရေး ဈေးရောင်း၊အိမ်ဆိုင်၊အခြားဒေသသို့သွားရောက်၍ ပန်းရံ၊ ဆန်စက်၊ ပဲလှော်ဖိုတို့တွင် သွားရောက် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စပါးနှင့်မတ်ပဲကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စပါးရိတ်သိမ်းချိန်တွင် ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းလုပ်ကိုင်လာခြင်းကြောင့် အလုပ် အကိုင်အလွန်ရှားပါးပါသည်။ ဆောင်းသီးနှံ မတ်ပဲနှုတ်ချိန်တွင်သာ အလုပ်အကိုင်အသင့်အတင့် ပြန်လည် ရ ရှိကြပြီး နေ့တွက်လုပ်အားခ တစ်ရက်လျှင် (၆၀၀၀)မှ (၇၀၀၀) ကျပ်ရရှိကြကာ စားဝတ်နေရေးအဆင်ပြေကြပါသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွင့်လှစ်နေသော်လည်း အချို့အိမ်ထောင်စုများမှာ ငွေကြေးအခက်အခဲများကြောင့် လက်လှမ်းမီနိုင်မှုနည်းပါးပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်မတ်ပဲစိုက်ခင်းများတွင် နှစ်စဉ်ဖျက်ပိုးများကျရောက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓာတုမြေသြဇာများ အသုံးပြုရခြင်း ဆေးဝါးပစ္စည်းများအား လယ်ကွက်အတွင်းသို့ ယူဆောင်လာရခြင်း ၊ ဆေးဖျော်စပ်ခြင်း၊ ဘက်စုံသုံး ပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုဗေဒပိုးသတ်ဆေးများကို အသုံးပြုလာကြခြင်း၊ အသုံးပြုပြီးသောအမှိုက်၊ ပလက်စတစ်အိတ်၊ ဗူးခွံ၊ပုလင်း၊ မြေဩဇာခွံအိတ်စသည်တို့အား စနစ်တကျစွန့်ပစ်မှုမရှိခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီသြဇာပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာရပါသည်။ သက်ဆိုင်ရာမှစွန့်ပစ်အမှိုက်များ စနစ်တကျစီမံခန့်ခွဲနိုင်အောင် အသိပညာပေးခြင်း အစီအစဉ်များ ဆောင်ရွက်ပေးသင့်ကြောင်းအကြံပြုအပ်ပါသည်။ အခါအားလျော်စွာ ရေကြီးပြီးရွှံ့နွံများဖုံးလွှမ်းမှုကလည်း မြေဆီသြဇာနှင့်သဘာဝပတ်ဝန်းကျင်အတွက် ဘေးအန္တရာယ်တစ်ရပ်အနေဖြင့်ကြုံတွေ့နေရဆဲဖြစ်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာမှလယ်သမားများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောတစ်ဧက တစ်သိန်းခွဲနှုန်းဖြင့် (၁၀)ဧက အထိချေးယူနိုင်ပါသည်။အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်ပါသည်။ထုတ်ချေးသောကာလမှာ(၇)လဖြစ်ပါသည်။ လယ်သမားများအနေဖြင့် လုံလောက်ချေးငွေပမာဏအားနှစ်ရှည်(အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။ ချေးယူရရှိသောငွေများအား လယ်ယာလုပ်ငန်းတွင်လည်းကောင်း ၊ကျန်းမာရေးနှင့်ပညာရေးတွင်လည်းကောင်း အသုံးပြုကြပြီး ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာ၏စီးပွားရေးအဆင့်သတ်မှတ်ချက် (၃နှင့်၄)တို့အား လေ့လာဆန်းစစ်ချက်အရ တစ်အိမ်ထောင်လျှင် အကြွေးတင်ရှိမှုပမာဏမှ ကျပ် (၁၀၀၀၀၀) မှ(၃၀၀၀၀၀) အထိရှိကြောင်းတွေ့ရှိရပါသည်။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပညာရေးပိုင်းတွင် ကျေးရွာ၏စာသင်ကျောင်းမှာအထက်တန်းကျောင်း(ခွဲ)အဆင့်ဖြစ်ပြီး RC ကွန်က ရစ်နှစ်ထပ်ကျောင်းဆောင် ဖြစ်ပါသည်။ စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာမှာ စတုရန်းပေ (၃.၁၆) ဧက ကျယ်ဝန်းပြီး ကျောင်းသား/သူများ အေးချမ်းစွာပညာသင်ကြားနိုင်ပါသည်။ ရွာသူသားအများစုသည် အရေးအဖတ်ကိုကျွမ်းကျင်ကြပြီး သက်ကြီးရွယ်အိုအများစုသာ ပညာရေးပိုင်းတွင် အနည်းငယ်နိမ့်ပါးကြပါသည်။ ကျွမ်းကျင်ပိုင်နိုင်သော ဆရာ/မများ၏ သင်ကြားပို့ချမှုကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားများ၏ အောင်ချက်ရာခိုင်နှုန်းမှာလည်း မြင့်မားကြောင်း တွေ့ရှိရပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက တိုက်နယ်ဆေးရုံနှင့်မြို့နယ်ဆေးရုံများသို့ သွားရောက်ပြသရပါသည်။ သောက်သုံးရေအတွက် မြေအောက်ရေကိုသာ အသုံးပြုကြပါသည်။ ရေကို ကျိုချက်၍ သောက်သုံးကြသောကြောင့် ရေနှင့်ပတ်သက်သော ရောဂါများ ရံဖန်ရံခါတွင်သာ ဖြစ်ပွားလေ့ရှိပါသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာကိုသာ ဆောက်လုပ်သုံးစွဲခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောနှင့် အခြားရောဂါများဖြစ်ပွားလေ့မရှိပါ။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာတွင် စာကြည့်တိုက်တစ်ခုဖွင့်လှစ်ထားသည့်အတွက် ကျေးရွာရှိလူငယ်များ၏ အသိပညာဗဟုသုတများကို ပိုမိုရရှိစေပါသည်။ လူမှုရေး၊ သာရေး၊ နာရေး ၊ဘာသာရေးပွဲတော်များတွင် ရပ်ရွာအကြီးအကဲအုပ်ချုပ်သူခေါင်းဆောင်တို့၏ လမ်းညွှန်မှုအောက်တွင် စည်းစည်းလုံးလုံးနှင့်တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပါ သည်။ အခါကြီးရက်ကြီး နေ့ထူးနေ့မြတ်များတွင် ရွာနှင့်အနီးပတ်ဝန်းကျင်ရွာများမှ သက်ကြီးရွယ်အိုများအား သက်ကြီးပူဇော်ပွဲများပြုလုပ်ပေးကာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား

ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းဦးဆောင်ကာ ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာသည် တလုတ္တော်ကားလမ်းမဘေးတွင်တည်ရှိပြီး ရွာအဝင်လမ်းမှာ(၆)ဖာလုံခန့်ရှိပါသည်။ လမ်းအမျိုးအစားမှာ ချောင်းကျောက်လမ်းဖြစ်ပြီး စက်ဘီး၊ ဆိုင်ကယ် ၊ ကား၊ ထော်လာဂျီ ယာဉ်များနွေ၊ မိုး၊ ဆောင်း သွားလာရအဆင်ပြေပါသည်။ ကျေးရွာသည် ကုန်းလမ်းခရီးကိုအဓိကထား အသုံးပြုပြီး စက်ဘီး(၁၂၅) ၊စီး ဆိုင်ကယ်(၁၅၇) ၊စီးသုံးဘီးဆိုင်ကယ် (၁) စီး၊ ကား(၁)စီး ၊ထော်လာဂျီ (၁၄)စီးတို့ဖြင့် အသုံးပြုလျက်ရှိပါသည်။ ကျေးရွာတွင် နိုင်ငံတော်မှမဟာခေတ်အားလိုင်းတပ်ဆင်ပေးထား သောကြောင့် အိမ်ထောင်စု(၁၀၈)ခန့်မှာ လျှပ်စစ်မီးကိုအသုံးပြုကြပါသည်။ အိမ်ထောင်စု(၅၀) ခန့်မှာ ဆိုလာမီးကို အသုံးပြုကြပြီး ကျန်အိမ်ထောင်စုများမှာ အလင်းရောင်ရရှိမည့် အခြားပစ္စည်းများကိုသာ အဆင်ပြေသလိုသုံးစွဲကြပါသည်။ ကျေးရွာ၏မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကွန်ယက်မှာ ရံဖန်ရံခါတွင်သာ ကောင်းမွန်ပြီး အင်တာနက်လိုင်းချိတ်ဆက်အသုံးပြုရန်မှာ လုံးဝအဆင်မပြေပါ။ ထို့ကြောင့် ကောင်းမွန်သောဆက်သွယ်ရေးစနစ်ရရှိရေးကိုလည်း သက်ဆိုင်ရာဌာန၊ ကုမ္ပဏီများမှ အမြန်ဆုံးကောင်းမွန်အောင် ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျွန်ုပ်တို့ကျေးရွာသည် ရပ်မိရပ်ဖအုပ်ချုပ်ရေးမှူးတို့၏ ကောင်းမွန်သော စီမံအုပ်ချုပ်မှုတို့ ကြောင့် တည်ငြိမ်အေးချမ်းပြီး ရာဇဝတ်မှုခင်းများ ဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ ကျေးရွာရှိ လူငယ်များနှင့် ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသော အုပ်ချုပ်ရေးနှင့်မီးသတ်အဖွဲ့သည် ရပ်ရွာ၏လုံခြုံရေး နှင့် ကာကွယ်ရေးအပိုင်းကို နှစ်စဉ်မပြတ် အပြည့်အဝတာဝန်ယူကာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ရွာအတွင်းသို့ပြင်ပမှ လူစိမ်းများဝင်ရောက်မှုမရှိစေရန် ဧည့်စာရင်းစစ်ဆေးခြင်းများ ပြုလုပ်ခြင်း၊ လှည့် ကင်း ဆောင်ရွက်ခြင်းများပြုလုပ်ပေးပါသည်။ ကျေးရွာသည် လေးမျက်နှာမြို့နယ်နှင့် တလုတ္တော်မြို့ အကြားတွင် တည်ရှိခြင်းကြောင့် ရဲစခန်း ၊ မြို့နယ်အုပ်ချုပ်ရေးရုံးတို့နှင့် အလွယ်တကူဆက်သွယ်သွားလာ ချိတ်ဆက်နိုင်ပြီး မှုခင်းဖြစ်ပွားနိုင်ချေများအား ကြိုတင်ကာကွယ်တားဆီးနိုင်ပါသည်။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

အုတ်ပုံကျေးရွာအနေဖြင့် တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှုမှာ တစ်နှစ်ပတ်လုံး ကောင်းမွန်ပြီး မိုးစပါးနှင့်ဆောင်းသီးနှံစိုက်ပျိုးရန်အလွန်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် အခြေအနေ

ကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံမျိုးစေ့များကိုဝယ်ယူ၍ရနိုင်ခြင်း၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အား အသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအားရောင်းချရန် ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

အုတ်ပုံကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေခံမြေခံကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အသင့်အတင့်ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သော သွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊မွေးမြူထားသောထုတ်ကုန်များရောင်းချရန် ဈေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

အုတ်ပုံကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

အုတ်ပုံကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာနှင့် (၇)မိုင်ခန့်တွင် တိုက်နယ်ဆေးရုံရှိခြင်း၊ မြို့နယ်ဆေးရုံနှင့် (၁၈)မိုင်သာကွာဝေးခြင်းတို့ဖြစ်ပါသည်။

အုတ်ပုံကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ (၇၃၉)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၅၉%)ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေ အသင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊ လူငယ် လက်တွဲပြီးကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများက လည်း အနာဂတ်ကာလအတွက်အားရဖွယ်ရာပင်ဖြစ်သည်။

အုတ်ပုံကျေးရွာတွင် စပါး၊ မတ်ပဲနှင့် ကွမ်းတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် သီးနှံဈေးနှုန်းမကောင်းသောကြောင့် မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှု အဆင့်သာရှိသော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါး၊ မတ်ပဲနှင့်ကွမ်းတို့ကို ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံစေသည်ဟုဆိုရမည်ဖြစ်ပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် (၉၅)မိုင်အတွင်းသာကွာဝေးသည်ဖြစ်၍ ကျေးရွာရှိသီးနှံစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများရှိနေပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို ထုတ်ယူနိုင်သည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေပမာဏအား ရရှိနိုင်ပါသည်။

အုတ်ပုံကျေးရွာတွင် အထက်တန်းကျောင်းခွဲရှိပြီး မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့်လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းမှအထက်တန်းအဆင့်ပညာရေးအထိ ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။၎င်းအပြင် အထက်တန်းကျောင်းခွဲမှာ ကျေးရွာတွင်ရှိသဖြင့် ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတတ်လူငယ်လူရွယ်များထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင်လူငယ်များအနေဖြင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် လူကြီးသူမများ၏ ဆုံးမမှုများကြောင့် မှုခင်းများဖြစ်ပွားမှုမရှိခြင်းက လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

အုတ်ပုံကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

### (၁) စိုက်ပျိုးရေး

အုတ်ပုံကျေးရွာရှိ လယ်ယာမြေများတွင် ရေနုတ်မြောင်းများကို စနစ်တကျ တူးဖော်ပေးခြင်းမရှိသဖြင့် မိုးရာသီတွင်မိုးများပါက မြေနိမ့်ပိုင်းရှိလယ်ယာမြေများ ရေနစ်မြုပ်မှုဒဏ်ခံစားရပါသည်။

စပါးအထွက်တိုးနည်းပညာများကို စနစ်တကျသိရှိမှုမရှိခြင်း၊ လိုအပ်သောသွင်းအားစုများ ကို အချိန်မီထည့်သွင်းနိုင်မှုမရှိနိုင်ခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ် ဖြစ်ထွန်းလာစေရန်များစွာအချိန်ယူရအုံးမည်ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

အုတ်ပုံကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက်အခက်အခဲများမှာ လုံလောက်သော အရင်းအနှီးမရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်နေခြင်းနှင့် မွေးမြူထားသောထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက်အခက်အခဲမှာ မိမိတို့ကျေးရွာရှိ အထက်တန်းကျောင်းခွဲတွင် အားကစားကွင်းမရှိခြင်း၊ ဆရာ/ဆရာမဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ယာမရှိခြင်း၊ အလယ်တန်း၊ အထက်တန်းပညာရေးအတွက် ဆင်းရဲသောမိသားစုများမှာ ကျောင်းစရိတ်အား မတတ်နိုင်ခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

အုတ်ပုံကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ကျန်မာရေးဆိုင်ရာ အထောက်အကူပြုဆေးဝါးနှင့်စမ်းသပ်ကိရိယာများ မပြည့်စုံခြင်းတို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ရန်နည်းပညာများမသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။

အုတ်ပုံကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။ ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော မိမိတို့၏အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့်ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေးသဘော တရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေးအတွက်အဟန့်အတားဖြစ်ပါသည်။

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်မဟာဗျူဟာ**

ကျွန်ုပ်တို့အုတ်ပုံကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မှကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်း ဖော်ထုတ်သော နည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့်ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၃ခုနှစ်မှ ၂၀၂၇ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက်လုပ် ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်း ကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက် လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့်ဝင်ငွေတိုးမြင့်လာစေရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်း စပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှု အဆင်ပြေ စေရန်အတွက် ကုန်ထုတ်လမ်းများကို သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာတွင်းကျန်ရှိသောလမ်းအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာ ဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထု လုပ်အား ပေါင်းစပ်ကာလုပ်ဆောင်သွားပါမည်။ ထို့ပြင် ကျေးရွာတွင်း ကုန်စည် စီးဆင်းမှု အဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကို သက်ဆိုင်ရာဦးစီးဌာန များနှင့်ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၃) ကျေးရွာမီးလင်းရေးအတွက် ကျန်ရှိသောအိမ်ထောင်စုများအား လျှပ်စစ်ဓါတ်အား လိုင်းနှင့်ချိတ်ဆက်ရန်အတွက် သက်ဆိုင်ရာဌာနသို့ တင်ပြထားခြင်း၊ မီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင်စုဆောင်းထားခြင်းများကို အရေး တကြီးဆောင်ရွက်ရန်လိုအပ်ပါသည်။

(၄) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့်အရည်အသွေးကောင်းပြီး ဈေး ကွက်အတွင်း လူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ် ရန်နှင့် စိုက်ပျိုးရေး နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ် ပါသည်။

(၅) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသ အတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရေး ဖိတ်ခေါ်ရန်၊ အသက် မွေးဝမ်းကျောင်း နည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေး ကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှကုန်ချောထုတ်လုပ်သော နည်း ပညာများရရှိရန်နှင့်ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၆) ကျေးရွာအတွင်းရှိ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်မည့်အဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်း ကိုပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှ တဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို အကြံပြုဖော် ထုတ်ပေးနိုင်ခဲ့ကြ ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အား ထုတ်လုပ် ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်

သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ)ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ဘဏ်လုပ်ငန်းများမှဝန်ဆောင်မှုများကို တောင်သူလယ်သမားများအနေဖြင့် အထိုက်အလျောက်ရရှိကြပါသည်။သို့သော် ကန့်သတ်ချက်များရှိနေဆဲဖြစ်ပါသည်။ ကာလတိုချေးငွေ ဝန်ဆောင်မှုများရရှိကြသော်လည်း ပိုးမွှားအန္တရာယ်ရရှိမှုတို့ကြောင့် သတ်မှတ်ငွေကြေးအတိုင်းအတာ မပြည့်မီခြင်းတို့ကြောင့် အချိန်မီပြန်လည်ပေးဆပ်ရန် အခက်အခဲများရှိပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသောကာလရှည် ချေးငွေစနစ်တစ်ရပ်အား သက်ဆိုင်ရာအစိုးရမှ ဖော်ဆောင်ပေးရန်လိုအပ် နေပါသည်။

### (ဂ)အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း

အုတ်ပုံကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာ သဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့်အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများလိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့်(၁၇)မိုင်ခန့်သာ ဝေးလှသော်လည်း တလုတ္တော်-ဟသ်ာတလမ်းမှတစ်ဆင့် ရာသီမရွေးသွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင် ရေးယာဉ်များရှိခြင်း စသည့်အားသာချက်ကိုအမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကိုနားလည်အောင် ရှင်းပြပေးနိုင်မည့်မြို့နယ်အဆင့်မှ စိုက်ပျိုး ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါလှ ပါသည်။

ကျေးရွာရှိ လူငယ်များအတွက် အသေးစားအိမ်တွင်းစက်မှုလက်မှု အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးလာနိုင်ရန် အလားအလာရှိနေသော်လည်း နိုင်ငံတော်မှလျှပ်စစ်ဓာတ်အားကို လုံလောက်စွာ မဖြန့်ဖြူး ပေးနိုင်သဖြင့် ဖွံ့ဖြိုးမှုနောက်ကျရခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာများ၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စက်မှု/လက်မှုနှင့် ရပ်ရွာအကျိုးပြု စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုအဖွဲ့ တစ်ဖွဲ့ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် နည်းပညာအကြံပေးအဖွဲ့နှင့် ကျွမ်းကျင်ဝန်ထမ်း များပါရှိရန် လိုအပ်မည်ဖြစ်ပြီး ရန်ပုံငွေအလုံအလောက် ထောက်ပံ့ပေးရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာရောင်းချမည့် အစားအရည်အသွေးရှိသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံသာမက ဒေသတွင်းတစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း(၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည်ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ်မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ယခုရေးဆွဲထားသော (၅)နှစ်တာကာလအတွင်းစီမံကိန်းများအား အချိန်ကာလတစ်ခုအတွင်း ချမှတ်အကောင်အထည်ဖော်ဆောင်ထားသည့် စီမံချက်များဖြစ်သည့်အတွက် ကျေးရွာ၏လိုအပ်ချက်များ အမှန်တကယ်ပြီးပြည့်စုံရန်ခက်ခဲပါသည်။ ထို့ကြောင့် ကျေးရွာလူထုမှ စီမံချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီးပြင်ဆင်ရန်လိုအပ်မည့် လုပ်ငန်းများအား အချိန်မီပြန်လည်ရေးဆွဲရန် စီမံချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြမည်ဖြစ်သည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

စီမံကိန်း၊စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိပ်ဖြာနိုင်ရန်လုပ်ငန်းဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအတွက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနိုင်နားလည်စေနိုင်ရန် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ– စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်) ၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**(၂)ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economicclassification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ–ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့ (Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ(၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကိုအမှတ်ပေးရပါမည်။ အချို့သော စီမံချက်များကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *ကျန်းမာရေးကဏ္ဍ* | | | | | |
| **ကျန်းမာရေး** | ၂။လူနာတင်ယာဉ်ရရှိအောင်ဆောင်ရွက်ခြင်း | ၉၀ | ၂ | • ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အဦကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၃။ကျေးရွာတွင်းလမ်းအားကွန်ကရစ် လမ်းအဆင့်မြှင့်တင်ခြင်း | ၈၀ | ၃ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကိုဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |
| *လူငယ်နှင့်အားကစားကဏ္ဍ* | | | | | |
| **လူငယ်နှင့်အားက စား** | ၄။အားကစားကွင်းတည်ဆောက်ခြင်း | ၆၀ | ၄ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အသက်မွေးဝမ်းကျောင်းကဏ္ဍ* | | | | | |
| **အသက်မွေးဝမ်း ကျောင်းသင်တန်း** | ၅။အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့် လှစ်လိုခြင်း | ၅၀ | ၅ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်သင်တန်းသားရှိခြင်း၊ | ကျေးလက်/ သက်ဆိုင်ရာ ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းချောင်းကျောက်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | လူနာတင်ယာဉ်ရရှိအောင်ဆောင်ရွက်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာတွင်းလမ်းအားကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း | ၃ | | | ✔ | | |
| ၄။ | အားကစားကွင်းတည်ဆောက်ခြင်း | ၄ | | | | ✔ | |
| ၅။ | အဆင့်မြင့်အပ်ချုပ်စက်သင်တန်းဖွင့်လှစ်လိုခြင်း | ၅ | | | | | ✔ |

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

